


VOLUME IX, ISSUE 29 — 29 October 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ၂၀၂၁ ခုနှစ် ကထိန်လျှာသက်န်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၄ |
| ၃ | မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များဆွေးနွေး | ၅ |
| ၄ | အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၆ |
| ၅ | ဝါစိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပသို့ တင်ပို့မှုဆိုင်ရာကိစ္စ နှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ | ၇ |
| ၆ | ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ | ၈ |
| ၇ | ဘိလပ်မြေလုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ | ၉ |
| ၈ | (၆)ကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများ အစည်းအဝေးကျင်းပ | ၁၀ |

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | (၁၁) ကြိမ်မြောက် အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး  မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ | ၁၁ |
| ၁၀ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၂ |
| ၁၁ | ၁-၁၁-၂၀၂၁ ရက်နေ့မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာချက် | ၁၄ |
| ၁၂ | ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ကူညီပို့ဆောင် | ၁၄ |
| ၁၃ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ဆက်လက်ပြုလုပ် | ၁၅ |

# Information Sheet

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်





အောက်တိုဘာလ ၂၈ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောကြားခဲ့သည့် အမှာစကားကောက်နုတ်ချက်များမှာ-

- ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရောဂါဖြစ်ပွားမှုနှုန်းများကျဆင်းလာမှုတို့နှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဗဟိုကော်မတီဖွဲ့စည်းပြီး အပတ်စဉ်လုပ်ငန်းညှိနှိုင်း၍ ဆောင်ရွက်ပေးနေသလို နေ့စဉ်လည်း ဒုတိယဥက္ကဋ္ဌဦးစီး၍ ကြပ်မတ်ဆောင်ရွက်ပေးမှုများကြောင့် ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်ကြောင်း။
- ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီခဲ့ကြသည့်အတွက် အောက်တိုလာလ ၂၇ ရက်နေ့ ကျန်းမာရေးစစ်တမ်းများအရ ကိုဗစ်ရောဂါကူးစက်မှုနှုန်း ၄ ရာခိုင်နှုန်း ကျော်လောက်ပဲ တွေ့ရှိရတော့ကြောင်း။
- အောက်တိုဘာ ၃၁ ရက်နေ့ကို ၃ ရာခိုင်နှုန်းလျှော့ချရန် အတွက် Target ထားပြီးဖြစ်၍ ကူးစက်ရာခိုင်နှုန်းလျှော့ ချနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းများ ကျဆင်းလာပြီဖြစ်သဖြင့် အချို့မြို့နယ်များအား Stay at Home များ ဖြေလျှော့ပေးခဲ့ကာ ရုံးများပုံမှန်အတိုင်း ပြန်လည်တက်ရောက်ရေးဆောင်ရွက်ခဲ့ကြောင်း။
- စာသင်ကျောင်းများ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အတိုင်းအတာတစ်ခုအထိ ထိုးနှံပြီးဖြစ်ကြောင်း။
- ရောဂါ ကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ရပ်တန့်ထားရသည့် ပညာရေးယန္တရား၊ ကုန်ထုတ်လုပ်မှုယန္တရားများနှင့် အကန့်အသတ်ဖြင့် ခွင့်ပြုထားရသည့် သယ်ယူပို့ဆောင်ရေးယန္တရားများအား ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ရောဂါကူးစက်မှုနှုန်းနည်းပါးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပို့ဆောင်ရေးနှင့်ပတ်သက်သည့် လေကြောင်းလိုင်းများ၊ ရထားလိုင်းများ၊ ကားလိုင်းများအား အပိုင်းအလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်လည်း အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားဆုံးဖြတ်ဆောင်ရွက်ကြရန်လိုကြောင်း။
- မိမိတို့နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးဖြစ်သလို ကာကွယ်ဆေးထိုးနှံမှုများအား ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဒီဇင်




ဘာလအတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အား ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း။

- ကာကွယ်ဆေး ထိုးနှံပြီးသူများအား ခရီးသွားလာခွင့် ခွင့်ပြုပေးနိုင်မည့်အခြေအနေ၊ ပြည်ပနိုင်ငံများမှ လာရောက်သူများအား ခွင့်ပြုပေးနိုင်မည့်အခြေအနေများအား ထည့်သွင်းစဉ်းစားရန်လိုကြောင်း။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးနေသလို ရုရှားနိုင်ငံနှင့်လည်းဆွေးနွေးလျက်ရှိကြောင်း ယခုအချိန်တွင် မိမိတို့အနေဖြင့် ကာကွယ်ဆေးများအား ဝယ်ယူနေရပြီး တရုတ်နိုင်ငံမှ ကူညီရောင်းချပေးနေသည့်အတွက် မြန်မာနိုင်ငံကိုယ်စား တရုတ်နိုင်ငံအား ကျေးဇူးတင်ကြောင်း။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန် FDA က ကိုဗစ်ရောဂါကာကွယ်ဆေးများအား ကလေးများထိုးခွင့်ရှိသည်ဆိုပြီး အောက်တိုဘာလ ၂၇ ရက်က အကြံပြုချက်များပေးထားသောကြောင့် မိမိတို့အနေဖြင့် အဆိုပါအဆင့်ထိသွားမည်ဆိုပါက နောက်ထပ်ဆေးများ သန်းနှင့်ချီ၍ လိုအပ်မည်ဖြစ်သည့်အတွက် ပြည်တွင်း၌ ကာကွယ်ဆေးများကို အနည်းဆုံး တစ်လကို လေးငါးသန်းလောက် ထုတ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ရှင်းလင်းတင်ပြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျလာလျက်ရှိပြီး နယ်စပ်ဒေသများတွင် ဖြစ်ပွားမှုနှုန်း ယခုထက်ပိုမိုလျော့ကျလာအောင် လုပ်ဆောင်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုလျှင်မြန်ပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း။
- ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရောကိုယ်ပါ အပြည့်အဝလုပ်ကိုင်နိုင်ရေးအတွက် ၎င်းတို့၏ လိုအပ်ချက်များကို စဉ်းစားဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဆေးများပို့ဆောင်ခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းချက်များကြောင့် ပျက်စီးချို့ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။
- ကိုဗစ်ရောဂါ ဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်သကဲ့သို့ ပွင့်လင်းရာသီသို့လည်း ရောက်ရှိလာပြီဖြစ်သဖြင့် ဘာသာရေးအခမ်းအနားများနှင့် လူစုလူဝေးပြုလုပ်ရသည့် အခမ်းအနားများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးရန်လိုကြောင်း။
- စတုတ္ထလှိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် ဆေးရုံများ၊ စင်တာများသာမက ဆေးရုံများတွင် လိုအပ်မည့် ကျန်းမာရေးဝန်ထမ်း၊ အောက်ဆီဂျင်၊ ဆေးရုံသုံးပစ္စည်းများကိုလည်း ပြည့်စုံမှုရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း။
- ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာသည့်အတွက် အနုပညာဆိုင်ရာလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် သတ်မှတ်စည်းကမ်းအတိုင်းသာလုပ်ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။
- ရပ်ကွက်ကျေးရွာများအတွင်း အလွယ်တကူဝယ်ယူရရှိနိုင်သည့်စပ်ဆေးများ အသုံးပြုခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြစေလိုပြီး ကျန်းမာရေးခွင့်ပြုချက် လိုင်စင်ရှိသည့်ဆေးဆိုင်၊ ဆေးခန်းများမှ ညွှန်ကြားသည့်ဆေးများကိုသာ

သုံးစွဲစေရန်လိုကြောင်းနှင့် စပ်ဆေးများ၏ ဘေးထွက်ဆိုးကျိုးများကို သိရှိနားလည်နိုင်ရေး ကျန်းမာရေးအသိပညာပေးမှုများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

- မိမိတို့ တာဝန်ယူသည့်အချိန်မှစ၍ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ စစ်ဆေးသည့်အရေအတွက်၊ ရောဂါတွေ့ရှိသည့်ဦးရေ၊ သေဆုံးမှုများကို အမှန်အတိုင်း သတင်းထုတ်ပြန်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ Second Wave နှင့် Third Wave ကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျလာပြီဖြစ်သော်လည်း ဆက်လက်စောင့်ကြည့်ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- **အောက်တိုဘာလ ၃၁ ရက်နေ့ကို ကိုဗစ်ရောဂါကူးစက်မှုနှုန်း ၃ ရာခိုင်နှုန်း လျှော့ချရန်အတွက် Target ထားပြီးဖြစ်၍ ကူးစက်ရာခိုင်နှုန်းလျှော့ချနိုင်ရေး ဆောင်ရွက်ကြရန်။**
- **ကိုဗစ်ရောဂါ ကူးစက်မှုနှုန်းများကျဆင်းလာချိန်တွင် ရပ်တန့်ထားရသည့်ပညာရေးယန္တရား၊ ကုန်ထုတ်လုပ်မှုယန္တရားများနှင့် အကန့်အသတ်ဖြင့် ခွင့်ပြုထားရသည့် သယ်ယူပို့ဆောင်ရေးယန္တရားများအား ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရမည်ဖြစ်။**
- **ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးနေသလို ရုရှားနိုင်ငံနှင့်လည်းဆွေးနွေးလျက်ရှိပြီး ယခုအချိန်အထိ တရုတ်နိုင်ငံမှကာကွယ်ဆေးများ ကူညီရောင်းချပေးနေသည့်အတွက် မြန်မာနိုင်ငံကိုယ်စား တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိ။**
- **မိမိတို့အနေဖြင့် ကလေးများကာကွယ်ဆေးထိုးသည့်အဆင့်ထိ သွားမည်ဆိုပါက နောက်ထပ်ဆေးများ သန်းနှင့်ချီ၍လိုအပ်မည်ဖြစ်သည့်အတွက် ပြည်တွင်း၌ ကာကွယ်ဆေးများကို အနည်းဆုံး တစ်လကို လေးငါးသန်းလောက်ထုတ်နိုင်ရေး ဆောင်ရွက်ရန်လို။**
- **ဆေးများပို့ဆောင်ခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းချက်များကြောင့် ပျက်စီးချို့ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန်လို။**
- **စတုတ္ထလှိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် ဆေးရုံများ၊ စင်တာများသာမက ဆေးရုံများတွင်လိုအပ်မည့်ကျန်းမာရေးဝန်ထမ်း၊ အောက်ဆီဂျင်၊ ဆေးရုံသုံးပစ္စည်းများကိုလည်း ပြည့်စုံမှုရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ၂၀၂၁ ခုနှစ် ကထိန်လျှာသကင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ၂၀၂၁ ခုနှစ် ကထိန်လျှာသကင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်တွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ပြီး ကထိန်အလှူပွဲကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ၂၀၁၂ ခုနှစ်မှစတင်၍ နေပြည်တော်၌ ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၀)ကြိမ်မြောက် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်များ စနစ်တကျခွဲဝေဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ဆရာတော်ကြီးများ၏ ဆွမ်းကွမ်းကိစ္စရပ်များကိုလည်း ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရန်လိုကြောင်း၊ ကထိန်လျှာသကင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ကြရန်၊ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် ကော်မတီအသီးသီးမှ စနစ်တကျပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကကြီးမှူး၍ နေပြည်တော်၌ ကထိန်အလှူပွဲကြီးကို (၁၀)ကြိမ်မြောက် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်များစနစ်တကျခွဲဝေဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားပြီးဖြစ်။**
- **ဆရာတော်ကြီးများ၏ ဆွမ်းကွမ်းကိစ္စရပ်များကိုလည်း ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ပြီး ကထိန်လျှာသကင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ကြရန်နှင့် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်။**

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များဆွေးနွေး



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ (၁) Mr. Anatoly Bulochnikov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်တွင် အောက်တိုဘာလ ၂၈ ရက်က လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက -

- မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်နိုင်မည့် အဓိကနယ်ပယ်များအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး။
- စိုက်ပျိုးရေးကဏ္ဍအတွက် ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်တင်ပို့နိုင်သည့် လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ (၁)က-

- နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်အတူ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး။
- ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအား အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်နိုင်ရေး။
- မြန်မာနိုင်ငံအနေဖြင့် Eurasian Economic Union (EAEU) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး။
- မြန်မာနိုင်ငံသို့ ရုရှားစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး။
- ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များအတွက် ညှိနှိုင်းလျက်ရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ လက်မှတ်ရေးထိုးနိုင်ရန်ဆောင်ရွက်နေမှု။
- ဒုတိယအကြိမ်မြောက် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များဆွေးနွေးပွဲသို့ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရေး။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကာအကွယ်ပေးဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့။

တွေ့ဆုံဆွေးနွေးမှုသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်နှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- အစည်းအဝေးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်နိုင်မည့် အဓိကနယ်ပယ်များ အတွက်လိုအပ်သည့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်း ရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး။
- မြန်မာနိုင်ငံအနေဖြင့် Eurasian Economic Union (EAEU) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး။
- ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး။
- ဒုတိယအကြိမ်မြောက် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များဆွေးနွေးပွဲသို့ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရေး။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကာအကွယ်ပေးဆောင်ရွက် နိုင်မည့် အခြေအနေများကိုဆွေးနွေးခဲ့။

## အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)အကောင် အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့ရာ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏အာဆီယံစီးပွား ရေးအသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက-

- စက်တင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သည့် (၅၃)ကြိမ် မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် အောက်တိုဘာလ တတိယ ပတ်တွင် ကျင်းပပြီးစီးခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးတို့တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံကဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာဌာနများက ဆက်လက်ဆောင်ရွက်ပေး ရမည့်ကိစ္စများ။
- မြန်မာနိုင်ငံက အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များကို သတ်မှတ်အချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့။

အစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်း မဏ္ဍိုင်အောက်ရှိ ဘာသာရပ်ဆိုင်ရာဌာနများမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- အစည်းအဝေးတွင် အေအီးစီ အစည်းအဝေးများ၏ ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံက ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးရမည့်ကိစ္စများကို သတ်မှတ်အချိန်အတိုင်း ပြီးစီးအောင် ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့။

## ဝါစိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပသို့ တင်ပို့မှုဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ



ဝါစိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပသို့ တင်ပို့မှုဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့်အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာလ ၂၈ ရက်က Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဆွေးနွေးရာတွင်–

- ပြည်တွင်းသုံးစွဲမှုများမှ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ရန်အတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝါစိုက်ပျိုးတောင်သူများနစ်နာမှုမရှိစေရန် ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပတင်ပို့ခွင့်ပြုခဲ့ကြောင်း။
- ပြည်တွင်းမှထွက်သည့် ဝါကုန်ကြမ်းများကိုပြည်ပသို့တင်ပို့သော်လည်း ပြည်ပမှ ကုန်ချောပစ္စည်းအထည်များ ပြန်လည်တင်သွင်းရ၍ နိုင်ငံခြားငွေကုန်ကျသည့်အတွက် ပြည်တွင်းတွင် အဆင့်မီကုန်ချောထုတ်လုပ်နိုင်ပါက စိုက်ပျိုးတောင်သူ၊ ကုန်သည်ပွဲစား၊ စက်ရုံ၊ အလုပ်ရုံများအားလုံး အဆင်ပြေမည်ဖြစ်ကြောင်း။
- ပြည်တွင်းတွင် စိုက်ပျိုးနိုင်သည့်ဧက၊ ခန့်မှန်းအထွက်နှုန်း၊ ပြည်တွင်းသုံးစွဲမည့်ခန့်မှန်းအရေအတွက်၊ ပိုလျှံသည့်အရေအတွက်၊ ဖြစ်သင့်သည့်ဈေးနှုန်းတို့ကို သက်ဆိုင်ရာဌာနအလိုက် ညှိနှိုင်းတွက်ချက်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးကို ပထမဆုံးပြုလုပ်ခြင်းဖြစ်ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ဌာနအလိုက်ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဝါစိုက်ပျိုးသူ၊ ရောင်းဝယ်သူ၊ ပြည်ပတင်ပို့သူအားလုံး နစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်သင့်သည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- ဝါစိုက်ပျိုးတောင်သူများ နစ်နာမှုမရှိစေရန် ပြည်ပတင်ပို့ခွင့်ပြုခဲ့ကြောင်း။
- ပြည်တွင်းတွင် အဆင့်မီကုန်ချောထုတ်လုပ်နိုင်ပါက စိုက်ပျိုးတောင်သူ ၊ ကုန်သည်ပွဲစား၊ စက်ရုံ၊ အလုပ်ရုံများအားလုံး အဆင်ပြေမည်ဖြစ်။
- ဖြစ်သင့်သည့်ဈေးနှုန်းတို့ကို သက်ဆိုင်ရာဌာနအလိုက် ညှိနှိုင်းတွက်ချက်ပြီး ဆောင်ရွက်သွားရမည်ဖြစ်။

## ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ




ခရီးသွားမြှင့်တင်မှုများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးအား အောက်တိုဘာလ ၂၈ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က–

- မိမိတို့နိုင်ငံသည် ရေမြေတောတောင် သဘာဝအလှအပများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသောကြောင့် ကျန်းမာရေးနှင့်လျော်ညီသော ဝန်ဆောင်မှုကောင်းများပေးနိုင်ကာ ဧည့်ဝတ်ကျေပွန်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အကြိမ်ကြိမ်လာရောက်လည်ပတ်မည်ဖြစ်ကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရာသီအလိုက် ပွဲတော်များကျင်းပရာတွင် ကိုဗစ်–၁၉ စည်းမျဉ်းများနှင့်အညီ စနစ်တကျ ကျင်းပနိုင်ရေး၊ ဒေသအလိုက် တိုင်းရင်းသားရိုးရာပွဲတော်များ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ရိုးရာအစားအသောက်ပွဲတော်များနှင့် ခရီးသွားများလည်ပတ်ရန် ဆွဲဆောင်မှုရှိသည့် ကျေးလက်လူနေမှုဘဝကို လေ့လာသော ခရီးစဉ်များဖော်ထုတ်သွားရန် ပြောကြားခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ရိုက်ကူးထားရှိသော ကိုဗစ်–၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ရုပ်သံဗီဒီယိုအား ပြသခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၉–၁၀–၂၀၂၁)**

- မိမိတို့နိုင်ငံသည် ရေမြေတောတောင် သဘာဝအလှအပများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသောကြောင့် ကျန်းမာရေးနှင့်လျော်ညီသော ဝန်ဆောင်မှုကောင်းများပေးနိုင်ကာ ဧည့်ဝတ်ကျေပွန်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အကြိမ်ကြိမ်လာရောက်လည်ပတ်မည်ဖြစ်။
- ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက်ပွဲတော်များကျင်းပရာတွင် ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး၊ တိုင်းရင်းသားရိုးရာပွဲတော်များ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ရိုးရာအစားအသောက်ပွဲတော်များနှင့် ကျေးလက်လူနေမှုဘဝကိုလေ့လာသော ခရီးစဉ်များဖော်ထုတ်သွားရန် ပြောကြားခဲ့ပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့။

# ဘိလပ်မြေလုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ဘိလပ်မြေလုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်တွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချာလီသန်းက-

- "ပြည်တွင်းဘိလပ်မြေလုပ်ငန်းအား အားပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဘိလပ်မြေ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ပြည်ပဘိလပ်မြေတင်သွင်းမှုလျော့ကျသွားစေရေးဆောင်ရွက်ရန်" နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားပါကြောင်း။
- မြန်မာနိုင်ငံဘိလပ်မြေလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း။
- ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများကို ပြည်တွင်းရှိဘိလပ်မြေစက်ရုံများမှ စက်စွမ်းအားပြည့်လည်ပတ်၍ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရန်နှင့် ဘိလပ်မြေထုတ်လုပ်ရာတွင် စွမ်းအင်ချွေတာနိုင်ရန် Wet Method မှ Dry Method သို့ ပြောင်းလဲဆောင်ရွက်ရန်။
- ပြည်တွင်းထုတ် ဘိလပ်မြေနှင့် ပြည်ပမှတင်သွင်းလာသည့် ဘိလပ်မြေများ၏အရည်အသွေးကို စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းများ ထူထောင်လျက်ရှိကြောင်း။
- ဘိလပ်မြေသုံးစွဲသည့် လုပ်ငန်းရှင်/ ပြည်သူများအား အရည်အသွေးမီပြီး ဈေးနှုန်းသင့်တော်သော ဘိလပ်မြေများ အသုံးပြုနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး၊ ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းရှင်များ၊ စက်ရုံမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၉-၁၀-၂၀၂၁)**

- **"ပြည်တွင်းဘိလပ်မြေလုပ်ငန်းအား အားပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဘိလပ်မြေ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ပြည်ပဘိလပ်မြေတင်သွင်းမှု လျော့ကျသွားစေရေးဆောင်ရွက်ရန်" နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားပါကြောင်း။**
- **ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများကို ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများမှ စက်စွမ်းအား ပြည့်လည်ပတ်၍ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရန်။**
- **ဘိလပ်မြေထုတ်လုပ်ရာတွင် စွမ်းအင်ချွေတာနိုင်ရန် Wet Method မှ Dry Method သို့ ပြောင်းလဲဆောင်ရွက်ရန်။**

## (၆) ကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများ အစည်းအဝေးကျင်းပ



စင်ကာပူနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများ အစည်းအဝေး(AMMS-6)နှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် The 3$^{rd}$ ASEAN Plus Japan Ministerial Meeting on Sports ကို အောက်တိုဘာလ ၂၈ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအပါအဝင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်ခဲ့ပါသည်။

(၆)ကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများ အစည်းအဝေးတွင် စင်ကာပူနိုင်ငံ AMMS-6 ဥက္ကဋ္ဌက 10$^{th}$၊ 11$^{th}$၊ 12$^{th}$ SOMS အစည်းအဝေးများ၏ ဆုံးဖြတ်ချက်ဆောင်ရွက်နေမှုများကို တင်ပြခဲ့ပြီး (၄၀) ကြိမ်မြောက် အာဆီယံညီလာခံသို့ တင်ပြမည့်စာရွက်စာတမ်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအား အတည်ပြုခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်းတွင် အားကစားလှုပ်ရှားမှုကို လုပ်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကိုဗစ်-၁၉ အလွန် ကာလ၌ အားကစားနည်း ၁၂ မျိုးတွင် အားကစားသမား ၂၅၀ ဦးဖြင့် "Youth Camp"ကို ဖွဲ့စည်းတည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အဆင့်တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ၊ မဟာဗျူဟာများရေးဆွဲဆောင်ရွက်နေကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

The 3$^{rd}$ ASEAN Plus Japan Ministerial Meeting on Sports (3$^{rd}$ AMMS + Japan) ဆွေးနွေးပွဲတွင် ပူးတွဲကြေညာချက်များ ထုတ်ပြန်နိုင်ရန် ဆွေးနွေးခဲ့ပြီး 4$^{rd}$ AMMS + Japan အစည်းအဝေးကို ထိုင်းနိုင်ငံတွင် ကျင်းပရန် အတည်ပြုခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- စင်ကာပူနိုင်ငံ AMMS-6 ဥက္ကဋ္ဌက 10th၊ 11th၊ 12th SOMS အစည်းအဝေးများ၏ ဆုံးဖြတ်ချက်ဆောင်ရွက်နေမှုများကို တင်ပြခဲ့ပြီး (၄၀)ကြိမ်မြောက် အာဆီယံညီလာခံသို့ တင်ပြမည့်စာရွက်စာတမ်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအား အတည်ပြုခဲ့။
- ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်းတွင် အားကစားလှုပ်ရှားမှုကို လုပ်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းနှင့် နိုင်ငံတော်အဆင့်တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ၊ မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်နေကြောင်း ဆွေးနွေးပြောကြားခဲ့။

## (၁၁) ကြိမ်မြောက် အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ




မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး (11th ASEAN AIRPORT INTERDICTION TASK FORCE MEETING)ကို အောက်တိုဘာလ ၂၈ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် လေကြောင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မောင်မောင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို လေကြောင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မောင်မောင်ဦးက သဘာပတိအဖြစ် ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပြီး ရဲမှူးချုပ် ဝင်းနိုင်က အစည်းအဝေး အဖွင့်အမှာစကားပြောကြားရာတွင် -

- အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရသော မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် မှောင်ခိုလုပ်ငန်းများ၏ စိန်ခေါ်မှုများကို တိုက်ဖျက်ရန်အတွက် အာဆီယံလုပ်ငန်းစီမံချက်(ASEAN Work Plan-2016-2025) နှင့် အာဆီယံပူးပေါင်းဆောင်ရွက်ရေးစီမံချက် (ASEAN Cooperation Plan)တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- အာဆီယံနိုင်ငံများ၏ နိုင်ငံတကာလေဆိပ်များတွင် တရားမဝင်မူးယစ်ဆေးဝါး နိုင်ငံဖြတ်ကျော်သယ်ဆောင်မှုများကို မကြာခဏဖမ်းဆီးရမိမှုများရှိခဲ့ပြီး သတင်းအချက်အလက်နှင့် အသိပညာများကို နိုင်ငံအချင်းချင်း အချိန်နှင့်တစ်ပြေးညီပေးပို့ဖလှယ်နိုင်ပါက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာတားဆီးထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့။

အစည်းအဝေးကိုတက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာလေဆိပ်များအလိုက် ကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့များဖြင့် ပူးပေါင်းစစ်ဆေးမှုများ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ (၁၂)ကြိမ်မြောက် အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့အစည်းအဝေး ဦးဆောင်ကျင်းပမည့်နိုင်ငံနှင့် နေရာရွေးချယ်အတည်ပြုခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၉-၁၀-၂၀၂၁)**

- အာဆီယံလုပ်ငန်းစီမံချက် (ASEAN Work Plan-2016-2025) နှင့် အာဆီယံပူးပေါင်းဆောင်ရွက်ရေးစီမံချက်(ASEAN Cooperation Plan)တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။
- တရားမဝင်မူးယစ်ဆေးဝါး နိုင်ငံဖြတ်ကျော်သယ်ဆောင်မှုများကို မကြာခဏဖမ်းဆီးရမိမှုများရှိခဲ့ပြီး သတင်းအချက်အလက်နှင့် အသိပညာများကို နိုင်ငံအချင်းချင်းအချိန်နှင့်တစ်ပြေးညီ ပေးပို့ဖလှယ်နိုင်ပါက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာတားဆီးထိန်းချုပ်နိုင်မည်ဖြစ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းတို့အား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၉၀ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၈ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၆၂,၃၅၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၃၆,၆၉၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ အောက်တိုဘာလ ၂၈ ရက်တွင် ၁၉,၄၅၆ ဦးရှိခဲ့ပြီး စုစုပေါင်း ၉၄၇,၁၂၀ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်မြို့၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုးအလုံး ၁၀၀ ခန့်ထုတ်လုပ်ပေးနိုင်မည့် အောက်ဆီဂျင်စက်အား စတင်လည်ပတ်ခဲ့။
- ရန်ကုန်တိုင်းဒေသကြီးရှိ ယာယီပိတ်ထားသော ဟိုတယ်များအား ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့။
- မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ ဆေးဝန်ထမ်းများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၈ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈,၈၈၄ ခုအားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၇၉၉ ဦးဖြင့် ပိုးတွေ့ရှိမှု ၄ ဒသမ ၂၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၈-၁၀-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာစုစုပေါင်း ၄,၈၁၀,၇၃၁ ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၄၉၇,၇၀၀ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၆၂၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံများ



ပင်လောင်းမြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ဆားလင်းကြီးမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု



မိုင်းဆတ်မြို့ရှိ အောက်စီဂျင်စက်ရုံလည်ပတ်နေမှု



တပ်မတော်မှ ဆေးဝန်ထမ်းများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်နေမှု

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား အောက်တိုဘာလ ၂၈ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၆၂,၃၅၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၃၆,၆၉၁ ဦးအားလည်းကောင်း ကာကွယ်ဆေး ထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/ သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုမှာ အောက်တိုဘာလ ၂၈ ရက်တွင် ၁၉,၄၅၆ ဦးရှိခဲ့ပြီး စုစုပေါင်း ၉၄၇,၁၂၀ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၂၈-၁၀-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၄၉၇,၇၀၀ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၆၂၂ ဦးရှိခဲ့။

## ၁-၁၁-၂၀၂၁ ရက်နေ့မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လွန်ခဲ့သော ၁၄ ရက်အတွင်း ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှုန်းနှင့် ပိုးတွေ့ရာခိုင်နှုန်းများကို သုံးသပ်ဆန်းစစ်၍ တိုင်းဒေသကြီး/ပြည်နယ် (၉)ခုမှ (၄၆)မြို့နယ်ရှိ စာသင်ကျောင်းများမှလွဲ၍ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၁-၁၁-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာထားပါသည်။

ယာယီပိတ်ထားမည့်မြို့နယ်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ မြို့နယ် ၁ မြို့နယ်စီ၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ မြို့နယ် ၂ မြို့နယ်စီ၊ ကယားပြည်နယ်မှ မြို့နယ် ၃ မြို့နယ်၊ မကွေးတိုင်းဒေသကြီးမှ မြို့နယ် ၄ မြို့နယ်၊ ကချင်ပြည်နယ်မှ မြို့နယ် ၆ မြို့နယ်နှင့် ရှမ်းပြည်နယ်မှ မြို့နယ် ၂၆ မြို့နယ် စုစုပေါင်း ၄၆ မြို့နယ်ဖြစ်ပါသည်

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- **တိုင်းဒေသကြီး/ပြည်နယ် ၉ ခုမှ မြို့နယ် ၄၆ မြို့နယ်ရှိ စာသင်ကျောင်းများမှအပ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာကျောင်းများအား နိုဝင်ဘာလ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်။**

## ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ကူညီပို့ဆောင်







**တိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏နေရပ်အသီးသီးသို့ တာဝန်ရှိသူများက ပြန်လည်ကူညီပို့ဆောင်ပေးနေမှု**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့ပူးပေါင်း၍ ချင်းပြည်နယ်၊ ပလက်ဝမြို့၌ ယာယီနေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများ၏ နေရပ်ဖြစ်သော ကျေးရွာများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နေအိမ်များပြန်လည်ပြုပြင်ပေးခြင်းနှင့် လုပ်ကိုင်စားသောက်ရန် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာ ၇ ရွာမှ ပြည်သူများအား နယ်မြေခံတပ်မတော်သားများက ၎င်းတို့၏ နေရပ်များသို့ စက်လှေများ၊ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။

တာဝန်ရှိသူများအနေဖြင့် ကျန်ရှိနေသေးသည့်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူများကိုလည်း ၎င်းတို့၏ နေရပ်အသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- **ပလက်ဝမြို့၌ ယာယီနေထိုင်လျက်ရှိသော တိုက်ပွဲရှောင်ပြည်သူများ၏ နေရပ်ဖြစ်သည့် ကျေးရွာ ၇ ရွာသို့ စက်လှေများ၊ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ဆက်လက်ပြုလုပ်



**မိုင်းပျဉ်းမြို့၌ ဒေသခံပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအား ထောက်ခံကြိုဆိုနေမှု**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို အောက်တိုဘာလ ၂၈ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်နှင့် မိုင်းရှူးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် အိမ်မဲမြို့တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နှင့် ကျောက်ကြီးမြို့တို့၌လည်းကောင်း စုစုပေါင်းမြို့နယ်ပေါင်း ၁၂ မြို့နယ်၌ လူအင်အား စုစုပေါင်း ၂၅,၇၄၄ ဦးခန့်ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် “ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအားထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ PDF ၏ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ် ” စသည့်စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင် ကြွေးကြော်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၀-၂၀၂၁)**

- **တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၂ မြို့နယ်၌ လူအင်အား စုစုပေါင်း ၂၅,၇၄၄ ဦးခန့်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်၍ ဆန္ဒဖော်ထုတ်ခဲ့။**
- **ဆန္ဒဖော်ထုတ်ရာတွင် “ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအားထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ PDF ၏ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ် ” စသည့်စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင် ကြွေးကြော်ခဲ့။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ




ဒလမြို့




သန်လျင်မြို့




ဟသ်ာတမြို့




ပခုက္ကူမြို့




အိမ်မဲမြို့




ဘုသီးတောင်မြို့